# ပါးလွှာပြီး အကြမ်းခံတဲ့ Droid Razr အသစ်



Motorola Droid Razr မှာ MotoBlur widget တွေ ရှိနေပါသေးတယ်

၄.၃ လက်မရှိတဲ့ display ၊ LTE connection နဲ့ dual-core processor တွေပါဝင်တဲ့ Droid Razr (၂ နှစ်စာ verizon contract အပါအဝင် ဒေါ်လာ ၃၀၀) နဲ့ အရင်အရင်က ခေါက် phone ပုံစံ Razr တို့ကိုယှဉ်ကြည့်ရင်တော့ တကယ်ကို ကြီးမားတဲ့ ပြောင်းလဲမှု ကြီးကို မြင်သာစေပါတယ်။ ဒါပေမဲ့ Motorola ရဲ့ အမှတ်သညာဖြစ်တဲ့ ပါးလွှာမှုနဲ့ အကြမ်းခံမှုချင်းကတော့ အတူတူပါပဲ။ Phone ရဲ့ မျက်နှာပြင်တစ်ခုလုံးကို Gorilla glass နဲ့ ဖုံးအုပ်ထားပြီး ထိပ်ပိုင်းမှာ Motorola တံဆိပ်ပြားကို ထွင်းထားပါတယ်။ Phone ရဲ့ နောက်ကျောဘက်ကို ကျည်ကာအဝတ်စနဲ့ပြုလုပ်ထားပြီး steel ထက် ၅ ဆလောက် ပိုပြီးအကြမ်းခံတယ်လို့ သိရပါတယ်။ Phone ဟာ ကျစ်လျစ်မှုရှိပေမယ့် သိပ်အကြီးကြီးမဟုတ်ပါဘူး။ ၅.၅× ၂.၇၁× ၀.၂၈ အလျား၊ အနံ၊ အမြင့်ရှိပြီး ၄.၄၈ အောင်စပဲ လေးပါတယ်။ Phone ကို ဘေးက steel နဲ့ ပတ်ထားတာကြောင့် ကျစ်လျစ်တယ်လို့ ခံစားရစေပါတယ်။ Splashguard နည်းပညာကို သုံးထားတဲ့အတွက် မိုးရေနဲ့ တခြားစိမ့်ဝင်နိုင်တဲ့ အရည်အမျိုးမျိုးရဲ့ရန်က ကာကွယ်ပေးနိုင်ပါတယ်။ ၄.၃ လက်မကျယ်တဲ့ 960×540 pixel Super AMOLED display ဟာ viewing angel ကောင်းပြီး နေ့အလင်းရောင်အောက်မှာတောင် ကြည့်လို့အဆင်ပြေပါတယ်။ အလင်း/အမှောင် မှန်မှန်ကန်ကန်ပြသနိုင်ပေမယ့် အရောင်တွေကတော့ သဘာဝထက် ပိုတောက်နေတာ တွေ့ရပါတယ်။ Android 2.3.5 နဲ့ Run ထားပြီး widget တွေကို ချုံ့/ချဲ့တာ၊ scroll လုပ်တာတွေ ပြုလုပ်နိုင်ပါတယ်။ Built-in capacity အမြောက်အမြားပါဝင်ပြီး RAM 1GB ၊ 16GB onboard storage အပြင် 16GB Micro SD card တစ်ပါတည်း ပါဝင်ပါတယ်။ 8-Megapixel camera ဟာ 1080p video တွေ ရိုက်ကူးနိုင်ပါတယ်။ ရှေ့ဘက်မှာလည်း 1.3 megapixel camera တစ်ခုပါရှိပါတယ်။ ပုံမှန်စမ်းသပ်မှုမှာတော့ ၆ နာရီ ၄၉ မိနစ်လောက် ခံပါတယ်။ ဒါပေမဲ့ စာရေးသူရဲ့ စမ်းသပ်မှုမှာ Droid Razr ရဲ့ battery ဟာ အရမ်းအကုန်မြန်ပြီး recharge လုပ်ဖို့လည်း အချိန်အကြာကြီး လိုပါတယ်။ San Francisco မြို့ပေါ်က Verizon network ပေါ်မှာတော့ call quality က အရမ်းကောင်းပါတယ်။ နေရာတိုင်းနီးပါးမှာ network coverage ရှိပြီး drop call မရှိသလောက်ပါပဲ။ မိသားစုတွေ၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ phone ပြောကြည့်တဲ့အခါ အသံက ကြည်လင် ပြတ်သားပြီး အနီးကပ်ပြောနေသလို အကျယ်ကြီး ကြားရပါတယ်။ အသံပြတ်တောင်းပြတ်ကောင်းဖြစ်ခြင်း လုံးဝမရှိပါဘူး။ တခြားတစ်ဖက်မှာ လည်း audio quality အရမ်းကောင်းတယ်လို့ ပြောကြပါတယ်။ ■

# Android App များကို PC မှာ သုံးနိုင်ဖို့ ကူညီပေးမယ့် BlueStacks

Windows PC ပေါ်မှာ Android app တွေတင်ပြီးသုံးနိုင်ဖို့ BlueStacks app player က ဆောင်ရွက်ပေးနိုင်ပါတယ်။ Bluestacks ရဲ့ alpha version ကို computer ပေါ်မှာ download ဆွဲပြီးတဲ့အခါ desktop ပေါ်က Android icon လေးပေါ် mouse pointer တင်လိုက်တာနဲ့ default app ၁၀ မျိုးကျော်လောက်ပါဝင်တဲ့



BlueStacks App Player ဟာ desktop PC ကနေ Android app တွေကို click တစ်ချက်တည်းနဲ့ access လုပ်နိုင်စေပါတယ်

menu လေးတစ်ခု ပေါ်လာပါလိမ့်မယ်။ အဲဒီ app တွေကိုလည်း click တစ်ချက်နှိပ်ရုံနဲ့ ဖွင့်ကြည့်နိုင်ပါတယ်။ Android app တွေကို keyboard နဲ့ mouse သုံးပြီး ခိုင်းစေနိုင်ပါတယ်။

2.1GHz Pentium Dual Core CPU ၊ 8GB memory နဲ့ Windows 7 တင်ထားတဲ့ Acer Aspire 5738 laptop ပေါ်မှာ app တွေကို စမ်းသုံးကြည့်တော့ alpha version တွေမှာ တွေ့ရလေ့ရှိတဲ့ bug တွေ တစ်ခုမှမတွေ့ခဲ့ရ ပါဘူး။ Android app ထဲက ထွက်ချင်ရင် screen ရဲ့ ဘယ်ဘက် အောက်ထောင့်က X icon လေးကို click နှိပ်ရုံပါပဲ။ Bluestacks ကိုမပိတ်ဘဲ background မှာ run နေတဲ့ Windows program တစ်ခုကို ဖွင့်ချင်တဲ့အခါ keyboard ကနေ <Alt>+<Tab> ကို တွဲနှိပ်လိုက်ပါ။ OS မတူတဲ့ application တွေကို နောက်ထပ် OS တစ်ခု install လုပ်စရာမလိုဘဲ Run နိုင်အောင် Bluestacks က လုပ်ပေးနိုင်ပါတယ်။ Windows ပေါ်ကနေ တိုက်ရိုက် run နိုင်တဲ့အတွက် dual-boot တွေ ဘာတွေလုပ်နေစရာလည်း မလိုပါဘူး။

Blue-stack channel icon ကို click လုပ်ပြီး online ပေါ်က Android app ဒါဇင်ပေါင်းများစွာကို ကိုယ့်ရဲ့ web browser ကတစ်ဆင့် download ဆွဲနိုင်ပါတယ်။ Bluestacks ကို run ဖို့အတွက် Windows 7 ၊ ဒါမှမဟုတ် Vista ၊ အနည်းဆုံး memory 2GB အပြင် Intel Core 2 Duo ၊ ဒါမှမဟုတ် ပိုမြန်တဲ့ processor ရှိဖို့လိုပါတယ်။ ■

ဇော်ဇော်ထက်